

## Do you need help resolving a concern?
### Information about support persons and advocates

# စိတ်ပူပန် စရာ ဖြစ်နေ သည့် ကိစ္စ တစ်ခုကို ကူညီဖြေရှင်းပေးရန် သင်လိုအပ်ပါသလား။

## ပံ့ပိုးကူညီသူများနှင့် ကြားဝင် ဖြေ ရှင်းပေးသူများ နှင့် ပတ်သက်သည့် အကြောင်း အချက်အလက်များ။။

ဤလမ်းညွှန်ချက်သည် မိသားစုများ၊ မိဘများ၊ အုပ်ထိန်းသူများ၊  ပံ့ပိုးကူညီသူများနှင့် ကြားဝင် ဖြေရှင်း ပေးသူများ အတွက် ဖြစ်ပြီး၊ အကူ အညီ ပေးသူ နှင့် ကြားဝင် ဖြေရှင်းပေး သူများ ၏ တာဝန် အခန်းကဏ္ဍ များမှာ၊ ကျောင်း၏ ကိစ္စ  များနှင့် ပတ်သက်၍ ပြောဆိုဆက်သွယ် ပေး ရာတွင်လည်းကောင်း၊ တိုင်ကြား တင်ပြချက်များ ပြုလုပ်ရာတွင်လည်းကောင်း၊ ၎င်းတို့အနေဖြင့် မည်ကဲ့သို့ ကူညီရမည်ကို သိရှိ နားလည် နိုင်စေရန် လမ်းညွှန်ပေး သည့် စာစေါင် ဖြစ်ပါသည်။

ကျောင်း၏ကိစ္စများနှင့်ပတ်သက်၍ ပြောဆို အဆက် အသွယ် ပြု ရာတွင်လည်းကောင်း၊ ဆွေးနွေး မှု ပြု လုပ် ရာတွင်လည်းကောင်း၊ အချို့သောသူများသည် အခြားသူများထက် ပို၍ အခက်အခဲများ ရှိတတ်သည်။ ထို့ ကြောင့် တစ်စုံတစ်ယောက်အား အကူ အညီ တောင်းခံခြင်း ဖြင့် သင့်အတွက် အထောက် အကူ ပို၍ ရ နိုင် သည်။

အသက် ၁၈နှစ်နှင့် အထက် မည်သူမဆို၊ မိဘ၊ အုပ်ထိန်းသူ၊ ကျောင်းသား (သို့မဟုတ်) မိသားစုဝင်များအတွက်၊ ပံ့ပိုးကူညီ ပေး နိုင်သူ တစ်ယောက် ဖြစ်နိုင်သည်။ မိဘများ၊ အုပ်ထိန်းသူများ၊ ကျောင်းသားများ (သို့မဟုတ်) မိသားစုဝင်များသည် အကူအညီရယူရန် ကျွမ်းကျင်မှုရှိသော အကူအညီပေးရေး ဝန်ဆောင်မှုများထံသို့လည်း ဆက်သွယ်နိုင်သည်။

ဌာနအနေဖြင့် NSW ပြည်နယ်ရှိကျောင်းများ၏ ကိစ္စ ပြဿနာ အဝဝကို ဒေသတွင်းတတ်စွမ်းသမျှ ကူညီဖြေရှင်းမည်ဖြစ်သည်။ သို့သော်၊ ဌာန၏ အွန်လိုင်း တိုင်ကြားချက် ဖောင် ကို မူ အကြောင်းကိစ္စများ နောက်တဆင့် ထပ် တိုးမြှင့် ရန် လိုအပ် လာမှသာ အသုံးပြုနိုင်သည်။

အကယ်၍ ပြဿနာတစ်ခု ကို ဒေသတွင်းတွင် ဖြေရှင်း၍မရပါက ပံ့ပိုးကူညီသူနှင့် ကြားဝင် ဖြေရှင်း ပေးသူ သည် တိုင်ကြားချက် အဆင့်ဆင့် ကို ပိုမိုလွယ်ကူ သွား အောင် ကူညီပေး နိုင် သည်။ လုပ်ကိုင် ဆောင်ရွက် ရန် လိုအပ်လာသည်များ ကို ရှင်းလင်းစွာ နားလည် နိုင် ရန် အကူ အညီ ပေးခြင်း ဖြစ် သည်။ ၎င်း တို့မှာ --

- ကျောင်းနှင့် မည် ကဲ့သို့ ထိရောက်စွာ ဆက်သွယ် ပြောဆိုရမည်။
- ပြဿနာ နှင့် ပတ်သက်သည့် တိုင်ကြားမှု နောက်ပိုင်း လုပ်ကိုင်ဆောင်ရွက်ရမည့် အစီအစဉ် အဆင့် ဆင့်။
- ပြဿနာ နှင့် ပတ်သက်သည့် တိုင်ကြားမှု ဖြေရှင်းရာတွင် ပြေလည်မှု ရသည့် အထိ ကြာမြင့် နိုင်သည့်အချိန်ကာလ။
- ရှေ့ဆက်၍ မည်သည့်အချိန်တွင် မည်သည့်အရာများဖြစ်လာ မည် ဆို သည့် အကြောင်း အရာများ။
- လုပ်ကိုင်ဆောင်ရွက် နေသည့် အစီ အစဉ် အဆင့် ဆင့် အတွက် မေးခွန်းများ၊ စိတ်မကင်းရှင်းမှု များ ရှိပါက အဆက်အသွယ်ပြု ရမည့် သူ။
- ပြဿနာ နှင့် ပတ်သက်သည့် တိုင်ကြားမှု ပြုလုပ် သူ က ကိုင်တွယ်ဖြေရှင်း နေ ပုံ ကို မကျေ မနပ် ဖြစ် နေ လျှင်၊ မည် သို့ ဆောင်ရွက် ရမည် ကို နားလည်အောင် အကူအညီပေးနိုင်ခြင်း။

ပံ့ပိုးကူညီသူများနှင့် ကြားဝင် ဖြေရှင်း ပေးသူများ ကို စကားပြန်ပေးသူအဖြစ် အသုံးမပြုသင့်ပါ။ အကယ်၍ အစည်းအဝေးများ တွေ့ဆုံ ဆွေးနွေးမှု များ  အတွက် စကားပြန်ပေးသူ လိုအပ်ပါက ကျောင်းမှ သင့်တော်သည့် ဝန်ဆောင်မှု ကို  စီစဉ်ပေးနိုင်သည်။ ဝန်ဆောင်မှုရရှိနိုင်သည့် အခြေအနေပေါ် မူတည်၍ စကားပြန်ဝန်ဆောင်မှု ကို လူချင်းဖြင့် သော်လည်းကောင်း၊ ဗီဒီယိုကော(လ်)(သို့မဟုတ်) ဖုန်းဖြင့်သော်လည်းကောင်းထားရှိပေး မည်ဖြစ်သည်။ ထိုသို့ပြုလုပ်လိုပါ က ကျောင်းသို့ ကြိုတင်၍ဆက်သွယ်တောင်း ဆိုပါ။

ပံ့ပိုးကူညီသူများနှင့် ကြားဝင် ဖြေရှင်း ပေးသူများ ပါဝင် မကူညီမီ၊ ၎င်းတို့ သည် မည်သည့် အခန်းကဏ္ဍများတွင် ပါဝင်မည်ကို စဉ်းစားပါ။ ၎င်းတို့သည် ပံ့ပိုးကူညီရန် နှင့် အကူအညီပေး ရန် အတွက်သာ ထားရှိခြင်း၊ (သို့မဟုတ်) ၎င်းတို့သည် ဖြေရှင်းချက်များကို ကူညီ ရှာဖွေပေး ခြင်း အခန်း ကဏ္ဍများတွင် ပါ ဝင်ခြင်းဖြစ်မည် ကို ခွဲခြားသိထား ရန် လို အပ် သည်။

## ပံ့ပိုးကူညီသူတစ်ယောက်၏ အခန်းကဏ္ဍ။

ပံ့ပိုးကူညီသူတစ်ယောက်သည် အသက် ၁၈ နှစ်နှင့် အထက် ရှိသူဖြစ်ပြီး၊ တိုင်ကြားချက်များ ကိုဖြေရှင်းရန် အကူအညီပေးရာတွင် တိုင်ကြားမှုပြုလုပ်သော သူအား  လက်တွေ့ကျ၍ စိတ်ပိုင်း ဆိုင်ရာ အကူအညီများ ပေးသူများဖြစ်သည်။ ပံ့ပိုးကူညီသူတစ်ယောက်သည် --

- အစည်းအဝေးများ တွင်ပါဝင်တက်ရောက်မည်။
- အစည်းအဝေးများတွင် ဖြစ်ပေါ်နေသည့် အခြေအနေနှင့် ပတ်သက်၍ ၎င်းတို့ က သိရှိထာသည့် အချက် အလက်များ၊ သက်ဆိုင်မှု ရှိ သည့် အကြောင်း အချက်များ ကို ပြောဆို နိုင်သည်။
- ရပိုင်ခွင့်များ ခံစားခွင့် များ နှင့် ပတ်သက်သည့် အကြောင်း အရာများ ကို အကြံပြုချက်များ ပေးနိုင်သည်။
- လုပ်ဆောင်ချက် အစီအစဉ် အဆင့် ဆင့် ကို ရှင်းပြ ပေး နိုင်သည်။
- အစည်းအဝေးများအတွင်း ပံ့ပိုးကူညီရန်နှင့် အကြံဉာဏ်များ အကူအညီများ ပေး ရန် အစည်းအဝေးကို ခေတ္တရပ်ဆိုင်းပေးရန် တောင်း ဆိုနိုင်သည်။
- အစည်းအဝေးအတွင်း တိုင်ကြားမှု ပြုလုပ် သူ က တောင်းဆို လာလျှင် ၎င်း တို့ နှင့် ဆွေးနွေးနိုင်သည်။
- မှတ်တန်းရေးမှတ်ခွင့်ရှိသည်။
- ရလဒ် အကောင် အထည် ဖေါ်ဆောင် နိုင် ရန် အထောက် အကူပြု နိုင် သည်။

ပံ့ပိုးကူညီသူများသည် မေးခွန်းများမေးခြင်းနှင့် အချက်အလက်များကို ပေးခြင်းပြု လုပ် နိုင်သည်။ ဥပမာ - ဖြစ်ရပ် အခြေအနေနှင့် ပတ်သက်၍ တိုက်ရိုက်ပါဝင်ပတ်သက်ခြင်း၊ ဖြစ်ပျက်ခဲ့ သည့် အဖြစ်အပျက် အချက်အလက်များ သိ ခြင်း၊ ရှေ့ ဆက် နိုင် ရန် အကြံ ရှိ လျှင် ပေး နိုင် သည်။

တရားရေးကိုယ်စားလှယ်တစ်ဦးသည် ပံ့ပိုးကူညီသူအဖြစ် ဆောင်ရွက်နေပါက၊ ပြဿနာတင်ပြ နေသူအား ပြောဆိုခွင့်ပေးရန် အရေးကြီးသည်။

ပံ့ပိုးကူညီသူသည် မျက်မြင်သက်သေ အဖြစ်သော်လည်းကောင်း၊ အကြံပေးသူ အဖြစ်သော် လည်းကောင်း ဆောင်ရွက်ရန် အတွက်ဖြစ်သည်။

ပံ့ပိုးကူညီသူသည်၊ ပြဿနာကို ဆွေးနွေးတင်ပြသူ၊ အနေဖြင့်၊ ၎င်းတို့အား ပြောပြထားသည့် အချက်အလက်များကို အသုံးပြုရန် မသင့်လျော်ပါ။ ပံ့ပိုးကူညီသူ၏ အခန်းကဏ္ဍမှာ ပြဿနာကို ဆွေးနွေးတင်ပြသူ (သို့မဟုတ်) တိုင်ကြားသူတို့အား ၎င်းတို့ကိုယ်တိုင် ဇာတ်လမ်းကို ပြောပြရာတွင် အထောက်အကူပေးရန် ဖြစ်သည်။

## ပြင်ပမှ ဝင်ရောက် ကြားဝင် ဖြေရှင်း ပေးသူများ ၏ အခန်းကဏ္ဍ။

ပြင်ပမှ ဝင်ရောက် ကြားဝင် ဖြေရှင်း ပေးသူ သည် အသက် ၁၈နှစ်နှင့်အထက် ရှိသောသူ ဖြစ်ပြီး ဆွေးနွေးတင်ပြသူ (သို့မဟုတ်) တိုင်ကြားသူ အတွက် စကားပြောဆိုပေးရန် အခွင့်အာဏာရှိသူဖြစ်ပြီး၊ အပြုသဘောဆောင်သော ဖြေရှင်းချက်များ အကူအညီပေးရန်ဖြစ်သည်။ ၎င်း သည် ကျွမ်းကျင်သော အကူအညီပေးရေး ဝန်ဆောင်မှုမှ သူတစ်ဦး ဖြစ်နိုင်သည်။

ပြင်ပမှ ဝင်ရောက် ကြားဝင် ဖြေရှင်း ပေးသူများ သည်၊ များ သော အားဖြင့်၊ မိမိတို့ အခြေအနေများ ကို တင်ပြခြင်း၊ ထိရောက်စွာ ပြောဆို တင်ပြနိုင်သည့် အား နည်း ခြင်း၊ လိုရင်း ရောက်အောင် မပြောတတ်ခြင်း၊ ရှိ သည့် တိုင်ကြားသူများ ပါဝင်နေပါက၊ ပါဝင်ကူညီ နိုင်ရန်ဖြစ်သည် ။ ထို့အပြင်၊ ပြင်ပမှ ဝင်ရောက် ကြားဝင် ဖြေရှင်း ပေးသူများ သည် ပံ့ပိုးကူညီ သူများကဲ့သို့သော အကူအညီ ပေးမှုများ ပေးနိုင်ပြီး၊ ၎င်းတို့ အနေဖြင့်ဆောင်ရွက်ပေး နိုင် သည်များ မှာ --

- တိုင်ကြားမှုနှင့်ပတ်သက်၍ ပါဝင် ဆွေးနွေး နိုင် ပြီး၊ တိုင်ကြားမှု နှင့် ပတ်သက်သည့် အချက်အလက်များ ကို ထည့်သွင်း ပြော ဆို နိုင်သည်။
- အရေးယူမှု၊ မယူမှု အပေါ် အဆုံး အဖြတ်ပေး နိုင် သည်။

## ကျောင်းနှင့် အတူတကွ ပူးပေါင်း ဆောင်ရွက်ခြင်း - အချို့သောအကြံပြုချက်များ။

ကျောင်းများသည်၊ ပြဿနာများကို ဒေသအဆင့်အတွင်း မြန်ဆန်စွာ ဖြေရှင်းလိုကြသည်။ ထို့ကြောင့် မိသားစုများ၊ မိဘများ၊ အုပ်ထိန်းသူများ၊ ပံ့ပိုးကူညီသူများနှင့် ကြားဝင် ဖြေရှင်း ပေးသူ များ အား၊ ပြဿနာများကို ဖြေရှင်းနိုင်ရန် စီစဉ်သူ နှင့် ကျောင်း၏ ကိုယ်စားလှယ်များနှင့် အတူ ပူးတွဲ ဆောင်ရွက် ပါရန်တိုက်တွန်းပါ သည်။ ဆွေးနွေးမှုများ (သို့မဟုတ်) တိုင်ကြားမှုများကို ထိထိရောက်ရောက်ဖြေ ရှင်းဆောင်ရွက်နိုင် ရန် အကြံပြုချက်များ၊ အကြံပေးချက်များ သည် ကောင်းသည့် စတင်ဆောင်ရွက်ချက်များဖြစ် သည်။

- တိုင်ကြားမှုနှင့် ပတ်သက်သည့်၊ သက်ဆိုင်ရာ အချက်အလက်များ အပေါ် အာရုံစိုက် နိုင်ပြီး ကျောင်းသားများအတွက် လိုအပ်သည့် ရလဒ်များ၊ ရရှိ နိုင် ရန် အထောက်အကူပေး နိုင်သည်။
- ယဉ်ကျေးစွာ၊ တည်ငြိမ်စွာ၊ ဆက်ဆံ ပြောဆိုနိုင်သည်။
- အသက် ၁၈နှစ်နှင့်အထက်မည်သူမဆို ဆွေးနွေးမှုများ (သို့မဟုတ်) တိုင်ကြားမှုများ ပြုလုပ်မည့်သူအတွက် ပံ့ပိုးကူညီသူများနှင့် ကြားဝင် ဖြေရှင်း ပေးသူများ များဖြစ်နိုင်သော်လည်း၊ ၎င်းတို့ကို မရွေးချယ်ရန် အကြောင်း ပြချက်များ ရှိပါက ရွေးချယ် ထားသော သူအား မခန့်အပ်ရန် ကျောင်းကဆုံးဖြတ်နိုင်သည်။ ဥပမာ - ထိုပုဂ္ဂိုလ်သည် အခြားသူများ၏ ကျန်းမာရေး (သို့မဟုတ်) ဘေးကင်းရေးကို အန္တရာယ်ဖြစ်စေနိုင်သည်ဟု ကျိုးကြောင်းဆီလျော်ပါက (သို့မဟုတ်) ကလေးနှင့်ပတ်သက်သော သတင်းအချက်အလက် ရ ပိုင်ခွင့်များကို ဥပဒေအရ ကန့်သတ်ခံထားရပါက။
- ယေဘူယျအားဖြင့်၊ ဆွေးနွေးမှုများ (သို့မဟုတ်) တိုင်ကြားမှုများ၏ လုပ်ငန်းစဉ်များကို စီမံခန့်ခွဲရန် လူတစ်ဦးအား ရွေးချယ်မည်ဖြစ်သည်။ ကျောင်းများတွင်၊ ၎င်းတို့သည် ကျောင်းအုပ် (သို့မဟုတ်) ကျောင်းမှ ဝန်ထမ်းအဖွဲ့ဝင် တဦး ဖြစ်နိုင်သည်။
- ကျောင်းအနေဖြင့် မည်သည့် ဆွေးနွေးမှုများ၊ စောင့်ကြည့်လေ့လာမှုများ (သို့မဟုတ်) စာဖြင့်မှတ်တမ်းတင်မှုများတွင်မဆို ကျောင်းဝန်ထမ်းများအား ကျွမ်းကျင်သော အကြံများပေးရန် အခြားသော လူတစ်ယောက်ကို အစည်းအဝေးတွင်းတွင် ထားရှိရန် ဆုံးဖြတ်နိုင်သည်။
- သဘောတူညီချက်များမရှိပါက၊ တိုင်ကြားချက် နှင့် ဖြေရှင်းချက်များ၏ အသေးစိတ်အချက်အလက်များအား အားလုံးကို လျှို့ဝှက်ထားသင့်သည်။

ပံ့ပိုးကူညီသူများနှင့် ကြားဝင် ဖြေရှင်း ပေးသူများ အဖြစ် အမည်စာရင်းတင်သွင်းခံရသူ သည် ဖြေရှင်းရေးလုပ်ငန်းစဉ် တွင် ပါဝင်ရန် အကောင်းဆုံးပုဂ္ဂိုလ်မဟုတ်သည့် အချိန်အခါများရှိနိုင်သည်။ ဥပမာအားဖြင့်:

- ပံ့ပိုးကူညီသူများနှင့် ကြားဝင် ဖြေရှင်း ပေးသူ သည် ပြဿနာအခြေအနေတစ်ခုတွင် ပါဝင်ပတ်သက်နေပြီး၊ ဆွေးနွေးတင်ပြသူ (သို့မဟုတ်) တိုင်ကြားသူ၏ အကျိုးအတွက် အကောင်းဆုံးဖြစ်အောင် မစွမ်းဆောင်နိုင်သော အခါ။
- အကယ်၍ ပါတနာ တစ်ယောက် (သို့မဟုတ်) မိသားစုဝင် တစ်ယောက် သည် ပံ့ပိုးကူညီသူ (သို့မဟုတ်) အကူအညီပေးသူအဖြစ် သတ်မှတ်ခံရပါက ၎င်းတို့အနေဖြင့် ယခင်က မသိရှိ၊ သတိမပြုမိသော ကိုယ်ရေး ကိုယ်တာ အချက်အလက်များ သိရှိသွား နိုင်သည်ကို သတိပြုထားသင့်သည်။

လူတစ်ဦးသည် ကျိုးကြောင်းဆီလျော် သင့်တော် မှုမရှိသော (သို့မဟုတ်) လက်မခံနိုင်သော အပြုအမူများ ပြုလုပ် ပါက အစည်းအဝေးများ (သို့မဟုတ်) ဆွေးနွေးမှုများကို ရပ်စဲနိုင်သည်။ လက်မခံနိုင်သောနည်းလမ်းများတွင် ကန့်သတ်ထားသောအရာများမ ရှိသော်လည်း အောက်ပါတို့ပါဝင်သည်။

- ရိုင်းစိုင်းသော၊ ရင့်သီးသော စကားများ၊ ညစ်ညမ်း သောစကား၊ လိင်ပိုင်းဆိုင်ရာ ခွဲခြားခြင်း ၊ လူမျိုးရေးခွဲခြားခြင်းနှင့် နိမ့်ကျသော မှတ်ချက်ပေးမှုများ ပါဝင်သည်။
- ရန်လိုခြင်း၊ အနိုင်ကျင့်ခြင်း၊ အကြမ်းဖက်ခြင်း နှင့်၊ ခြိမ်းခြောက်သည့် အပြုအမူ ပါဝင်သည်။
- အစည်းအဝေး၏ ဖေါ်ပြထားသည့် ရည်ရွယ်ချက်များ ကိုလမ်းလွှဲစေ သည့် ဆောင်ရွက်ချက်များ။
- မသင့်လျော်သော အချိန်ဆွဲ သည့် ပြောဆို မှုများ။
- အစည်းအဝေး (သို့မဟုတ်) ဖုန်းခေါ်ဆိုမှုအား အခြားသော တက်ရောက်သူများ၏ ခွင့်ပြုချက်မရ ဘဲ အီလက်ထရွန်းနစ် မှတ်တမ်းတင်ခြင်း (သို့မဟုတ်) ဖုန်းခေါ် ဆိုခြင်း။

### အချက်အလက်များ ပိုမိုသိရှိရန်။

ကျောင်းနှင့်ပတ်သက်၍ ထိရောက်စွာ တိုင်ကြားမှုပြုလုပ်ခြင်း နှင့်၊ တိုင်ကြားမှုပြုလုပ်ရန် အမြန်ကိုးကားလမ်းညွှန်မှုအတွက် အချက်အလက်များ သိ ရှိ နိုင် ရန်။

### တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု။

အချက်အလက်များ ပိုမိုသိရှိလိုပါက ကျောင်းကို ဆက်သွယ်ပါ။ ကျောင်းကိုဆက်သွယ်ရန် စကားပြန်ပေးသူ၏ အကူအညီလိုအပ်ပါက 131 450 သို့ခေါ်ဆိုပါ၊ သင်လိုအပ်သည့်ဘာသာစကားကိုပြောပြပြီး အော်ပရေတာအား ကျောင်းသို့ဖုန်းခေါ်ခိုင်းပါ။ အော်ပရေတာသည် သင့်စကားပြောဆိုမှုကို ကူညီပေးရန် လိုင်းပေါ်တွင် စကားပြန်ပေးသူ တစ်ဦးကို ခေါ် ပေးမည်ဖြစ်သည်။ ဤဝန်ဆောင်မှုအတွက် သင့်အား အခကြေးငွေကောက်ခံမည်မဟုတ်ပါ။